သင်တို့အနက်မှ မည်သူတစ်ဦးတစ်ယောက်မျှ

၎င်း၏စိတ်ဆန္ဒသည် ငါကိုယ်‌တော် ယူဆောင်လာခဲ့သော (ဝဟီ) အမိန့်တော်များ၏ နောက်လိုက်မဖြစ်မချင်း

ပြည့်ဝသောမုအ်မင်န်ယုံကြည်သူ ဖြစ်မည်မဟုတ်ပေ။

အဗူမုဟမ္မဒ် အဗ်ဒွလ္လာဟ် ဗင်န် အမ်ရ် ဗင်န်အားစ်ွ(ရဿွိယလ္လာဟုအန်ဟုမာ)ကဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ " သင်တို့အနက်မှ
မည်သူတစ်ဦးတစ်ယောက်မျှ ၎င်း၏စိတ်ဆန္ဒသည် ငါကိုယ်‌တော် ယူဆောင်လာခဲ့သော (ဝဟီ)
အမိန့်တော်များ၏ နောက်လိုက်မဖြစ်မချင်း ပြည့်ဝသောမုအ်မင်န်ယုံကြည်သူဖြစ်မည်မဟုတ်ပေ။"
[قال النووي: حديث صحيح] [رويناه في كتاب الحجة بإسناد صحيح]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က ရှင်းလင်းတော်မူသည်မှာ- လူသားသည်တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ယူဆောင်လာခဲ့သော အမိန့်တော်များ၊တားမြစ်ချက်များ နှင့် အခြားသောအရာများကို ၎င်း၏ စိတ်ဆန္ဒသည်နာခံမှုပြုနိုင်မှသာလျှင် ပြည့်ဝသော မုအ်မင်န်ဖြစ်နိုင်ပေမည်။ထို့ကြောင့်တမန်တော်မြတ် အမိန့်ပေးတော်မူသောအရာကို ချစ်ခင်နှစ်သက်ခြင်းနှင့်တားမြစ်တော်မူသောအရာကို မနှစ်မြို့ခြင်းပြုရမည်။

http://www.sunnah.global/hadeeth/my/show/66535